# Bibliographic Data

| | |
|---|---|
| **Author** | ကြန် ၊ ဒေါ် KYAN, Daw Kran‘ , Do‘ **Art.** MK0001 |
| **Article Title** | လှေသင်း အတွင်းဝန်မင်း နှင့် ရွှေဆယ်ပိဿာ<br>(Hlay thin Atwin Wun and viss of gold.)<br>Lhe san‘" a tvan‘" van‘ man‘" nhan' rhve chay‘ pissa¯ |
| **Title (Book/Serial)** | မြဝတီ<br>Myawaddy |
| **Issue and Volume** | Vol. 21 , No. 11 |
| **Edition** | |
| **Place/ Publisher** | |
| **Distributor** | |
| **Ed. Date** | Sep. 1973 |
| **Pagination** | p. 25 - 27 |
| **Annotation** | During the Third Anglo - Burmese War Hlay-thin Atwin Wun and his forces were victorious at the battle of Myingyan. King Thibaw sent ten viss of gold for him, plus 270 gold medals and gold cups for his followers as reward for their valour. But the next day they were routed. The gold was lost in transit. Later, about four viss of gold were recovered and Col. Sladen returned it to Hlay-thin Atwin Wun as the rightful claimant. |
| **Subject Terms** | 1. Myanmar - History - Later Konbaung Period , 1837 - 1885<br>2. Zeya Kyaw Htin , Mingyi Thiri Maha ( Hlay thin Atwin Wun )<br>3. Myanmar - History - The Third Anglo - Burmese War, 1885 |
| **Key Words** | Myingyan Battle |

# လှေသင်းအတွင်းဝန်နှင့် ရွှေဆယ်ပိသာ

မကြန်



လှေသင်းအတွင်းဝန်သည် တတိယ အင်္ဂလိပ်မြန်မာစစ်အတွင်း၌ ရွှေဆယ်ပိသာ ရရှိခဲ့သည်ဟု ဆိုလျှင် ကြားရသူတိုင်း အံ့ဩကြပေမည်။ ယုံကြည်နိုင်ရန်ခဲယဉ်းသည်ဟု ဆိုသူများကလည်း ဆိုကြပေမည်။ ဤအကြောင်းကို မြန်မာအထောက်အထား များတွင် မတွေ့ရဘူးပါ၊ သို့သော် ဗြိတိသျှတို့၏မှတ်တမ်း ၂-ခုတွင် ဖော်ပြထားသည်ကို တွေ့ရပါသည်။ ဗြိတိသျှတပ်များဆန်တက်လာစဉ်က လှေသင်း အတွင်းဝန်သည် မြင်းခြံဆိပ်ကမ်းမှ အောင်မြင်စွာ ဆီးဆို့ခုခံနိုင်ခဲ့သဖြင့် သီပေါဘုရင်က ရွှေဆယ်ပိသာ ဆုသနားခြင်း ဖြစ်သည်ဟုဆိုပါသည်။ မြင်းခြံတိုက်ပွဲနှင့်ပတ်သက်၍ ကုန်းဘောင်ဆက် မဟာ ရာဇဝင်တော်ကြီး၏ အဆိုနှင့်ဗြိတိသျှမှတ်တမ်းတို့တွင် ဖော်ပြချက်ကို ပထမတင်ပြပါမည်။

တတိယ အင်္ဂလိပ်မြန်မာစစ်အတွင်းက ဗိုလ်မှူး အတွင်းဝန် လှေသင်းဝန် စလေမြို့စား မင်းကြီးသီရိမဟာဇေယ ကျော်ထင်သည် တပ် ကိုးတပ်တွင် ပါသည့် ရဲမက်လက်နက်ကိုင်လူ ၃၃၀၀-ကို အုပ်ချုပ်၍ လက်နက် ခဲယမ်း အစုံအလင်နှင့် အောက်မြစ်စဉ်ကြောင်းတလျှောက်မြို့နယ် မြင်းခြံအရပ်သို့ ချီတက်ရသည်။ ဧရာဝတီမြစ်၏ အရှေ့ဖက်ကမ်းထိပ်တလျှော်က တပ်တည်လုပ်ပြီးလျှင် အင်္ဂလိပ်တို့ကို ဆီးဆို့ခုခံခဲ့လေသည်။ **(ကုန်းဘောင်ဆက် (တ) ၇၁၁)**။

ဗြိတိသျှတပ်များသည် မင်းလှနှင့်ပွေးကြောင်းခံမြို့များကို သိမ်းပိုက်ပြီးနောက် ဧရာဝတီမြစ်ကြောင်းတလျှောက် ဆန်တက်လာကာ ၁၈၈၅-ခု နိုဝင်ဘာလ ၂၀ ရက်နေ့ရေနံချောင်းမြို့ကို သိမ်းပိုက်၍ ၂၃-ရက်နေ့တွင်ပုဂံကိုသိမ်းပြီးလျှင် ၂၄-ရက်နေ့ ပခုက္ကူကွမ်းရှာကို သိမ်းပိုက်ကြလေသည်။ ထိုနေ့တွင်ပင် မြင်းခြံသို့ ဆိုက်ရောက်ကြ၍ လှေသင်းအတွင်းဝန်၏ တပ်များနှင့် တိုက်ပွဲ ဖြစ်ပွားလေသည်။ ယင်းမြင်းခြံတိုက်ပွဲကို ကုန်းဘောင်ဆက် မဟာရာဇဝင် တော်ကြီးတွင်....

> အတွင်းဝန် လှေသင်းဝန် စလေမြို့စား မင်းကြီးသီရိမဟာ ဇေယကျော်ထင် ဆီးဆို့ခုခံပြီးလျှင် နေဝင်ဆည်းဆာ အချိန် တိုင် အောင် အမြောက်လက်နက်တို့နှင့် ပစ်ခတ် တိုက်ခိုက်ပါသော်လည်း အင်္ဂလိပ် ရေကြောင်းတပ် ကြည်းကြောင်းတပ်တို့က နှစ်ဘက်ညှပ်၍ အပစ်အခတ် ထူထပ်လှသောကြောင့် တပ်တော်များအုပ်စည်း မပျက် ကျောက်ရုံအရပ်သို့ ဆုတ်ခွာရချေသည်။ **(ကုန်းဘောင်ဆက် (တ) ၇၁၄)**။

ဟု သာမန်မျှသာဖော်ပြထားပါသည်။

ဗြိတိသျှတပ်များကို ပထမနေ့တွင် အောင်မြင်စွာ ခုခံဆီးဆို့ ထားနိုင်သည်ဟူ၍၎င်း၊ ယင်းသို့ ရှုပ်ရှုပ်ရှုံ့ရှုံ့ ခုခံတိုက်ခိုက်အောင်မြင်သဖြင့် ဘုရင်မင်း မြတ်က ဆုတော်လာဘ်တော် တစုံတရာ သနားတော်မူသည်ဟူ၍၎င်း ဖော်ပြထားခြင်း မရှိချေ။

အထက်မြန်မာပြည်ကို ချီတက်သိမ်းပိုက်ရသူ မေဂျာဂျင်နရယ် ပရင်ဒါဂတ်၏ ဒိုင်ယာရီအသွင် ရေးသားထားသည့် အစီရင်ခံစာတွင် မြင်းခြံတိုက်ပွဲကို ထိုထက်ပြည့်စုံစွာ ဖော်ပြထားပါသည်။ ပရင်ဒါဂတ်၏ အစီရင်ခံစာတွင် ပါသည့် အချက်အလက်များကို အကျဉ်းရုံး၍သဘောသွားကို အောက်တွင် ဘာသာပြန်ဆိုဖော်ပြပါသည်။

မြန်မာရဲမက်တို့သည် ဧရာဝတီကမ်းနဖူးရှိ ကတုတ်များမှ အမြောက်စိန်ပြောင်းများဖြင့် ပစ်ခတ်ခုခံကြသည်။ ဗြိတိသျှတို့၏ ပလို၊ ဝေန်၊ ဧရာဝတီ၊ ကက်သလင်း၊ ယူနန်နှင့်အထရုံသင်းဘော

များသည် အဆက်မပြတ် ပြန်လည် ပစ်ခတ်ရင်း ဆန်တက်ရန်ကြိုးပမ်းကြသည်။ သင်းဘောများမှ ပစ်ခတ်သဖြင့် မြန်မာရဲမက်အချို့တို့ ကုန်းတွင်း ပိုင်းရှိ ကိုင်းတောမြက်တောသို့ ဆုတ်ခွာ ခိုခဲ့ကြ သည်။ ထိခိုက် ဒဏ်ရာရရှိသူများကိုလည်း မြင်ရ သည်။ ရောဝတီ ဖလိုတီလာ ကုမ္ပဏီ ကိုယ်စား လှယ် နေထိုင်ခဲ့ရာ အိမ်အနီးတွင် အလွန်ခိုင်ခံ့ သော ကတုတ်ကြီး ဆောက်လုပ် ထားသည်။ ထို ကတုတ်မှ အမြောက်ကြီး ၁၀ လက်ဖြင့် မြန်မာ တို့က အပြင်းအထန်ခုခံကြသည်မြန်မာရဲမက်များ အင်အား အလွန်ကောင်းသည်။ ကမ်းနဖူး တ လျှောက်ရှိ ကျင်းများထဲမှ ရိုင်ဖယ်များ မီးပေါက် သေနတ်များဖြင့် ဒလစပ်ပစ်ခတ်ကြသည်။ ထိုသို့ ပစ်ခတ်နေသည့်ကြားမှ ဆန်တက်ရသဖြင့် အ မြောက်တင်သင်းဘော ရောဝတီကို အမြောက် ထိမှန်ပျက်စီးသည်။ ယူနန်သင်းဘောလည်း နေ ရာပေါင်းများစွာ အမြောက်ထိမှန် ခံရသည်။ သို့ သော် ပေါက်ကွဲ ပျက်စီးခြင်းမရှိချေ။ ထိုနေ့မြင်းခြံ တိုက်ပွဲတွင် တာကွူိက် သင်းဘောမှ ရေတပ် အရာရှိကူးပါးနှင့် တပ်သား ဘက်ဂျလီတို့ထိခိုက် ဒဏ်ရာရရှိသည်။ ကူးပါး၏ ဒဏ်ရာမှာ ပြင်းထန် သည်။

ကမ်းနဖူးရှိ ကတုတ်များမှ အမြောက် စိန် ပြောင်းများဖြင့် ပစ်ခတ်ခုခံနေကြစဉ် ကမ်းနဖူးနှင့် ၃ မိုင်ခန့်အကွာ ကုန်းတွင်းပိုင်း မြေမြင့်ရာ အရပ် တခုတွင် မြန်မာရဲမက်အရံတပ်တခု စုရုံးလျက်ရှိ သည်ကိုမြင်ရသည်။ မြန်မာရဲမက်တို့သည် အဖြူ အနီနှင့် အလွန်လွင်သော အနီရောင် အင်္ကျီများ ကို ဝတ်ဆင်ထားကြသည်။ အင်အား ၂၀၀၀ ခန့်ရှိမည်ဟု ခန့်မှန်းရသည်။ ဗိုလ်များကို ရွှေထီး များ မိုးထားကြသည်။ ကမ်းနဖူးတွင် ဖြစ်ပွား နေသော တိုက်ပွဲတွင် ပါဝင်ဆင်နွှဲခြင်းမပြုကြချေ၊

၂၅ ရက်နေ့နံနက်ပိုင်းတွင် မြင်းခြံကမ်း ပေါ်သို့ တက်ရန် အစီအစဉ်များပြုလုပ်၍ အမိန့်များထုတ် ပြန်သည်။ ထိုနေ့နံနက်ပိုင်းတွင် ရောဝတီ နှင့် ဂနန်သင်းဘောတို့သည် သယ်ယူပို့ဆောင်ရေး သင်းဘောများကို ကြိုယူရန် စုန်ဆင်းကြသည်။ ကိုယ်စားလှယ်အိမ်အနီးရှိ ကတုတ်ကို ဖြတ်ကျော် သွားစဉ် အပစ်ခံရသည်။ သင်းဘောများမှ ပြန် လည် ပစ်ခတ်သည်တွင် အပစ်အခတ် ရပ်သွား သည်။ မြန်မာရဲမက်များ အလျင်အမြန် ဆုတ်ခွာ ထွက်သွားနေကြပြီဟု ကမန်ဒါကာပင်တာထံမှ သတင်းပေးပို့ချက်ရရှိသည်။

မူလအစီအစဉ်ကိုဖျက်၍တပ်အချို့သာမြင်းခြံ ကမ်းပေါ်သို့တက်စေသည်။ထိုတပ်များသည်တွေ့ သမျှ အမြောက်စိန်ပြောင်းများကို ဖျက်ဆီးခဲ့ကြ သည်။ စုစုပေါင်းအမြောက် ၂၁-လက်ဖျက်ဆီး ခဲ့သည်။ ၄စ်ဝသ် အမြောက်ကြီးကိုမူ မဖျက်ဆီး ဘဲ တင်ဆောင်ယူခဲ့ကြသည်။

အစီရင်ခံစာတွင် ဆက်လက်၍ လှေသင်းအတွင်း ဝန် အကြောင်းကို အောက်ပါအတိုင်း ဖော်ပြထား ပါသည်။

မြင်းခြံရှိ မြန်မာရဲမက်များကို ဘုရင်၏ အကောင်းဆုံး စစ်သူကြီးဖြစ်သူလှေသင်းအတွင်း ဝန်က ကွပ်ကဲအုပ်ချုပ်လျက်ရှိသည်။ လှေသင်း အတွင်းဝန်သည် ဗြိတိသျှတပ်များကို ဆီးဆို့ခုခံ တိုက်ခိုက်အောင်မြင်ကြောင်းနှင့် ၂၅-ရက်နေ့ ညက ဘုရင်ထံ ကြေးနန်းဖြင့် အစီရင်ခံသည်။ ဘုရင်မင်းမြတ်က ရဲမက်တော်တို့ကိုဆုအဖြစ်ဝေငှ ပေးသနားရန် ရွှေတံဆိပ် ၂၇၀-နှင့် ရွှေခွက် ရွှေဖလားအများကို သူ့ထံသို့ ချက်ချင်းပေးပို့ လိုက်လေသည်။

ပရင်ဒါဂတ်၏ အစီရင်ခံစာကို ခြုံငုံစဉ်းစားလျှင် နိုဝင်ဘာလ ၂၄-ရက်နေ့က မြင်းခြံဆိပ်ကမ်းတွင် ဖြစ်ပွားသည့် တိုက်ပွဲမှာ ပြင်းထန်ကြောင်း၊ မြန်မာ ရဲမက်များသည် ရွပ်ရွပ်ချွံချွံ တိုက်ခိုက် လျက် ဗြိတိသျှ စစ်သင်းဘောများ မဆန်တက်နိုင်အောင် အခိုက်အတန့်ဆီးဆို့ထားနိုင်ခဲ့ကြောင်းကောက်ချက် ချနိုင်ပါသည်။ အောင်ပွဲသတင်းကို ရရှိသော သီပေါ မင်းသည် ရဲမက်တော်တို့ကို ရွှေတံဆိပ်များ ချီးမြှင့် ပေးသနားခဲ့ကြောင်းလည်း သိရပါသည်။ သို့သော် ရဲမက်တော်များကား အင်းရွှေတံဆိပ်များကို မရရှိခဲ့ ကြချေ။

စလေဒင်၏ စာစုတွင် ၁၈၈၆-ခု မတ်လ ၂၀-ရက် နေ့စွဲပါ အမှုတွဲအမှတ် ၁၀၃-ဆိုသည့် အထောက်အထားတခု တွေ့ရပါသည်။ ယင်းအမှုတွဲ ၁၀၃-သည် မြင်းခြံဆိပ်ကမ်းတွင် ရွပ်ရွပ် ချွံချွံ တိုက်ပွဲဝင်ခဲ့ကြသည့် ရဲမက်တော်တို့နှင့် လှေသင်းအတွင်းဝန်တို့အား ဘုရင်က ရွှေတံဆိပ်များနှင့် ရွှေဆယ်ပိဿာ ချီးမြှင့်ပေးသနားခဲ့ခြင်းနှင့် ပတ်သက်ပါသည်။ ထိုစဉ်က အထက်မြန်မာပြည်ကို ဗြိတိသျှတို့ တိုက်ရိုက်သိမ်းပိုက် အုပ်ချုပ်ရန် ဆုံးဖြတ်ချက်ချပြီး ဖြစ်၍ လွှတ်တော်ကို ဖျက်သိမ်းရန် ၁၀-ရက်မျှသာ လိုတော့သည့်အချိန် ဖြစ်ပါသည်။ ကာနယ်အီဘီ စလေဒင်သည် မြို့ပြအုပ်ချုပ်ရေးအရာရှိချုပ် (အရေးပိုင်မင်းကြီး) အဖြစ်နှင့် လွှတ်တော်ကို ကွပ်ကဲ အုပ်ချုပ်လျက်ရှိသေးချိန် ဖြစ်သည်။ အမှုနံပတ် ၁၀၃-ကို စလေဒင်က စစ်ဆေး၍ စီရင်ချက်ချမှတ်ထားပါသည်။

စလေဒင်၏စီရင်ချက်တွင် မြင်းခြံ၌ ရဲမက်တော်များ အောင်ပွဲရကြောင်းကို ကြားသိရသော ဘုရင်မင်းမြတ်သည် အလွန်နှစ်ထောင်း အားရတော်မူ၍ ရဲမက်တော်တို့သို့ ပေးသနားရန် ရွှေတံဆိပ်အများနှင့် လှေသင်းအတွင်းဝန်သို့ ရွှေဆယ်ပိဿာ ချီးမြှင့်သည်ဟု လှေသင်းအတွင်းဝန်က တင်ပြကြောင်း။ ဘုရင်၏အမိန့်တော်ကို ဦးထိပ်ထက် ဆင်ရွက်ရသည့် ရွှေတိုက်အတွင်းဝန်က လှေသင်းအတွင်းဝန်၏ တင်ပြချက် မှန်ကန်သည်ဟု ထွက်ဆိုကြောင်း။ လွှတ်တော်ဝန်ကြီးများကလည်း လှေသင်းဝန်ထံသို့ ရွှေဆယ်ပိဿာနှင့် ရွှေတံဆိပ်များ ပေးပို့သည့် အမိန့်တော်ကို တင်ပြကြကြောင်း။ ပေးပို့လိုက်သည့် ရွှေနှင့် ရွှေတံဆိပ်များသည် သက်ဆိုင်ရာသို့ မရောက်ဘဲ လမ်းတွင် ပျောက်ဆုံးခဲ့ကြောင်း။ လှေသင်းအတွင်းဝန်၏ ဩဇာတိက္ကမနှင့် ကြိုးပမ်း စုံစမ်းမှုကြောင့် နောက်ပိုင်းတွင် ရွှေတံဆိပ် အချို့နှင့် ရွှေအချို့ (၄၀၇-ကျပ်သား) ပြန်လည် ဖမ်းဆီးရရှိကြောင်း။ လှေသင်းအတွင်းဝန်က (၁) ရွှေများသည် သူ့အား ဘုရင်က ဆုပေးသနားခဲ့ခြင်းဖြစ်၍တကြောင်း၊ (၂) သူ၏ကြိုးပမ်းစုံစမ်းမှုဖြင့် ပြန်လည်ရရှိခြင်းဖြစ်၍တကြောင်း၊ (၃) မြင်းခြံသို့ တပ်များချီတက်စဉ်က ရဲမက်တော်တို့အား ဘုရင့်အမိန့်နှင့် မိမိကိုယ်ပိုင်ငွေ ၂၅၀၀၀-ကျပ် စိုက်ထုတ်ပေးကမ်းထားခဲ့ရခြင်းကြောင့် တကြောင်း ရွှေများကို ရပိုင်သည်ဟု လျှောက်ထားကြောင်း။ လှေသင်း အတွင်းဝန်၏ လျှောက်ထားချက်ကို မှန်ကန်သည်ဟု ယူဆ၍ ရွှေ ပုရပိုက်ခေါက်များကို လှေသင်း အတွင်းဝန် အား ပေးအပ်ရန် စီရင်ချက်ချလိုက်ကြောင်း။ ရွှေတံဆိပ် ၅၇-ခုကိုမူ ဝေငှရန်မဖြစ်နိုင်တော့သဖြင့် သိမ်းထားလိုက်ကြောင်း ဖော်ပြထားပါသည်။

ဖော်ပြပါစီရင်ချက်ကို အီဘီစလေဒင်က ၁၈၈၆-ခု၊ မတ်လ ၂၀-ရက်နေ့စွဲဖြင့် လက်မှတ်ရေးထိုးထားပါသည်။ လှေသင်းအတွင်းဝန်က ရွှေများပြန်လည်ရရှိအောင် ထောက်လှမ်းစုံစမ်းပေးသူအား ရွှေ ၄၀-သားနှင့် ငွေ ၃၀၀-ကျပ် ပေးရန် သဘောတူညီထားသည်ဟု ပြောကြားကြောင်း၊ ဤအမှု၏ ရာဇဝတ်ကြောင်းဆိုင်ရာမှာ ပုံမမှန်ကြောင်း။ မြန်မာတို့၏ စေ့စပ်ဖျန်ဖြေကြေအေးသည့် ထုံးတမ်းစဉ်လာအရ စီရင်ထားကြောင်း၊ တရားခံတဦးမှာ ပုလိပ်များလက်မှ ထွက်ပြေး လွတ်မြောက် သွားကြောင်းလည်း မှတ်ချက်ရေးသားထားပါသည်။

တတိယ အင်္ဂလိပ်မြန်မာစစ်ပွဲအတွင်းက အောက်မြစ်စဉ်ကြောင်းချီ ဗိုလ်မှူး အတွင်းဝန်၊ လှေသင်းဝန် စလေမြို့စား မင်းကြီးသီရိမဟာ ဇေယျကျော်ထင်သည် မြင်းခြံ ဆိပ်ကမ်းမှနေ၍ ဗြိတိသျှတို့ကို ရွပ်ရွပ်ချွံချွံ ဆီးဆို့ ခုခံ တိုက်ခိုက် ခဲ့သည်။ ဗြိတိသျှ သင်္ဘောများ ဆန်တက်ခြင်းကို အခိုက်အတန့်မျှ အောင်မြင်စွာ တားဆီးခဲ့နိုင်သည်။ ထိုအောင်ပွဲကြောင့် သီပေါဘုရင်က လှေသင်းအတွင်းဝန်အား ရွှေဆယ်ပိဿာ ဆုချီးမြှင့်တော်မူသည်။ အခြေအနေ အရပ်ရပ်ကြောင့် ရွှေဆယ်ပိဿာဆုကို အပြည့်အဝ မခံစားရသော်လည်း ဗြိတိသျှတို့၏ တရားခွင်တွင် တဝက်နီးပါးမျှကို ပြန်လည်ရရှိခဲ့ကြောင်း သိရပါသည်။ ။

မကြန်